# FREE BURMA'S POLITICAL PRISONERS NOW!

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@fbppn.net, Website: www.fbppn.net

**ထုတ်ပြန်ကြေညာချက်**
ဘန်ကောက် – ထိုင်းနိုင်ငံ (၂၀၀၉ ခုနှစ် မေလ ၂၆ ရက်)

## မြန်မာ့နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကို ဦးစားပေး မဖြစ်မနေ လုပ်ဆောင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အား နိုင်ငံတကာပြည်သူ ၆ သိန်းကျော်က တိုက်တွန်း

မြန်မာ့နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် နိုင်ငံတကာ၌ လက်မှတ်စုဆောင်းလှုပ်ရှားမှုသည် ရက်သတ္တပါတ် ၁၀ ပါတ်ကာလအတွင်းတွင် လက်မှတ်ပေါင်း (၆) သိန်းကျော် ကောက်ခံရရှိနိုင်ခဲ့ပြီဖြစ်ပြီး စုဆောင်းရရှိခဲ့သော လက်မှတ်များသည် နိုင်ငံပေါင်း ၁၅၀ ကျော်မှဖြစ်သည်။ ဤကိစ္စနှင့်ပါတ်သက်၍ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေး လှုပ်ရှားမှုကော်မတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနိုင်အောင်က ''ဒီလှုပ်ရှားမှုကတော့ မြန်မာ့အရေးအတွက် နိုင်ငံတကာမှာ အချိတ်အဆက် မိမိနဲ့လုပ်နိုင်တဲ့ အကြီးမားဆုံးလှုပ်ရှားမှုပါပဲ'' ဟု ပြောဆိုလိုက်သည်။

လက်မှတ်ရေးထိုးပန်ကြားလွှာတွင် မြန်မာ့ဒီမိုကရေစီရေးအတွက် မရှိမဖြစ်လိုအပ်သော ပထမအဆင့်ဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအနေဖြင့် ပုဂ္ဂိုလ်ရေး ဦးစားပေးအဖြစ်ဆောင်ရွက်ရန် တောင်းဆိုထားခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် အထိန်းသိမ်းခံနေရမှုအပေါ် ၎င်းအနေနှင့် "လွန်စွာစိုးရိမ်မကင်းဖြစ်ရကြောင်း" အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ထုတ်ဖော်ပြောဆိုခဲ့ပြီး မြန်မာနိုင်ငံသို့ အလည်အပါတ်သွားရောက်ရန် စစ်အစိုးရနှင့် ညှိနှိုင်းနေသည့် အချိန်သည် စုစည်းထားသော လက်မှတ်ရေးထိုး တောင်းဆိုမှုကို တင်ပြမည့် အချိန်နှင့် တိုက်ဆိုင်နေပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင် ဒေါ်ဆောင်ဆန်းစုကြည်အနေနှင့် တံခါးပိတ်ခုံရုံး၌ တရားရင်ဆိုင်နေရသည်မှာ ယနေ့ဆိုလျှင် ၇ ရက်ပြည့်မြောက်ပြီဖြစ်သည်။ ယင်းတရားရင်ဆိုင်နေရမှုအား အရှေ့တောင်အာရှနိုင်ငံများအသင်း၏ မကြုံစဖူး ဝေဖန်မှုအပါအဝင် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ပြစ်တင်ရှုပ်ချခဲ့ကြသည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာလမှ စတင်ရေတွက်မည်ဆိုပါက မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားပေါင်း ၂၁၀၀ ကျော်အထဲတွင် ယခုကဲ့သို့ သောတရားခုံရုံးက ထောင်ဒဏ် ၁၀၄ နှစ် အထိ ကြီးလေးသောပြစ်ဒဏ်များ ချမှတ်ခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားပေါင်း ၃၅၀ ကျော်သွားပြီဖြစ်သည်။

ကိုဘိုကြည်ကပြောသည်မှာ "အခုဆိုရင် ကမ္ဘာက ဘန်ကီမွန်းကို စောင့်ကြည့်နေပြီ၊ သူ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံအကျဉ်းသားအားလုံး ချွင်းချက်မရှိ ချက်ချင်းလွတ်မြောက်ဖို့နဲ့ သူတို့လွတ်မြောက်ရေးကို ချွင်းချက်မရှိ နအဖ က လုပ်ဆောင်ဖို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လုပ်ကိုလုပ်ရတော့မှာပဲ။ ကျနော့်အမြင်ကတော့ နိုင်ငံရေးအကျဉ်းသားတွေ မလွတ် မြောက်သ၍ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ ဘယ်လိုမှ ဖြစ်လာနိုင်စရာအကြောင်းမရှိဘူး။" ဟု ပြောဆိုလိုက်သည်။

ဤနိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှုအား နိုင်ငံရေးအကျဉ်းသားများနှင့် ပြည်ပရောက် ဒီမိုကရေစီရေးလှုပ်ရှားသူများကို ကိုယ်စားပြုသော နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုတို့က ဦးဆောင်ခဲ့ခြင်းဖြစ်ပြီး လက်မှတ်ကောက်ခံစုဆောင်းမှု၌ Avaaz အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မြန်မာအဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

Avaaz အဖွဲ့၏ ဦးဆောင်ဒါရိုက်တာ Ricken Patel က "ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်ရဲ့ နယ်လ်ဆင်မန်ဒဲလားပါ၊ ဒါကြောင့် နိုင်ငံတကာက မြန်မာစစ်အစိုးရနဲ့ ရှေ့ဆက်ဆံဆောင်ရွက်မဲ့ ကိစ္စတွေအတွက် သူမလွတ်မြောက်ရေးကို အဓိကအခြေခံတစ်ရပ်အဖြစ်ထားရှိဖို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ မရရအောင်လုပ်ရမှာပဲ။"ဟု ပြောဆိုလိုက် သည်။

နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှုအား မတ် ၁၃ ရက် (မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့) နေ့တွင် စတင်ခဲ့ခြင်း ဖြစ်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံပေးပို့မည့် ပန်ကြားလွှာ၌ ၁၀ စက္ကန့်တိုင်းတွင် လူတဦးကျစီ လက်မှတ် ရေးထိုးခဲ့ကြသည်။

မီဒီယာအင်တာဗျူးအတွက် အောက်ပါပုဂ္ဂိုလ်များအား ဆက်သွယ်ပါရန်။

ကိုဘိုကြည် (နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း) ဖုန်း +၆၆ (၀) ၈၁ ၃၂၄ ၈၉၃၅
မခင်ဥမ္မာ (မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု) ဖုန်း +၆၆ (၀) ၈၁ ၈၈၄ ၀၇၇၂
Ricken Patel (Avaaz) ဖုန်း +၃၄ ၆၀ ၈၉၃ ၄၉၇၁ (သို့) media@avaaz.org
ဒေါက်တာနိုင်အောင် (မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု) ဖုန်း + ၆၆ (၀) ၈၁ ၈၈၃၇ ၂၃၀